## ငါတို့စီးနင်းထားတာ ဘီးတပ်ထားတဲ့ အော့စ်ဝစ်ဇ်အကျဉ်းစခန်း

မိုးအေးအေးမှာသွေးလေးမနေနဲ့
ငှက်တစ်ကောင်ဆို ပျံသန်းနိုင်မှလှမယ်
ကံမကောင်းအကြောင်းမလှရင် ဆန်စင်စင်ကနေ
ဆန်ကွဲဖြစ်နိုင်တဲ့ ဘဝများ အပြင်းဖျားမယ်
ဒီဟင်းစားဟာ မင်းပြတဲ့ကွန်ချက်
ပုထုဇဉ်နဲ့ လိင်ကိစ္စငါးစိမ်းသည်နဲ့ ရှင်မတောင်သနပ်ခါးလို
ရေထိုးလိုက်၊အလေးနိုးလိုက် ရေခဲရိုက်ထားတာမှန်သမျှ
ဘယ်ကံတရားမှမလတ်ဆတ်ဘူး လူကျပ်တယ် ခါးပိုက်နှိုက်သတိပြု
အိတ်ပုန်းထဲမှာ လုံအောင်ဖုံးထားရတဲ့အချိန် မြန်မြန်တက်မြန်မြန်ဆင်း
စပယ်ယာရဲ့ပါးစပ်များက တက်သုတ်ရိုက်နေတဲ့ နိမိတ်ပုံစကား
ဆေးအပ်ထိပ်များမှာငွေမရှိရင်အဆိပ်၊ပါဝါရှိရင်ဖြေဆေး
တန်ဖိုးဆိုတာ ခြကိုက်ရင်မီးတိုက်ရမယ့် ဦးနှောက်
မနှောက်နဲ့
ကံငါးပါးဟာ အလှည့်ကျ ဓဏဓဏ ကျွတ်ကျနေတယ်
လွတ်သွားတဲ့ငါးကြီးတာတစ်ခုပဲဖြေစရာ မပြေသေးတဲ့အရှိန်ထဲမှာ
နေထွက်တာနဲ့ရေတတ်တယ် သတိ ဆီ၊ရေ၊လေ၊ဗိုင် မျက်မှန်လေးတကိုင်ကိုင်
ဇိနပ်လေးတစမ်းစမ်း အဲဒီမှာလမ်းစလွဲတယ်
ငါတို့ဟာ ဘီးတပ်ထားတဲ့ အော့စ်ဝစ်ဇ်အကျဉ်းစခန်း အတွင်းရောက်ရှိနေခြင်း
ဘဝလက်တစ်စာနဲ့ သံသရာကို လှေနံခါးထစ်လို့
မျက်နှာသစ်ပြီးမျက်စိလည်နေတယ် ဆီသည်မလက်သုတ်ဖတ်လို
ထောင့်ဆွဲ ဘယ်လိုဆွဲ ကျရှင်ကွဲမယ် အိပ်မက်ဟာနယ်နိမိတ်နဲ့
ပလဲနံပသင့်လို့ လက်မထုတ်ရ ခေါင်းမပြူ စိတ်တွေသာ
လိုရာပန်းတိုင် / မှတ်တိုင်ကြိုဆင်းသွားကြ အဆိပ်ငွေ့ခန်းထဲမှာ
အိပ်မက်ဆိုးတွေနဲ့ ခြေကျုံ့လို့ကောင်းတဲ့ ရန်ကုန်။

## ခေါင်းစဉ်တပ်မထားတဲ့ကဗျာမှာ ညှေးသံတချို့

မြေးလမ်းပေါ်မှာ ပစ်မှတ်ကလက်တစ်ကမ်းအလို
နှာခေါင်းဝက ရှမ်းသာသမျှ အမွှေးလေးကိုလှုတ်တိုက်
ဟိုက်၊ကုန်ပါပြီ ခင်ဗျားဗိုက်ထဲမှာ
အပုပ်ဆန်နေတဲ့ဟာတွေ မျက်နှာဖုံးပေါ်လျှံထွက်နေတယ်
မျက်လုံးအိမ်ထဲမှာ ရိုးသားမှုကလွဲလို့
ဘာမှဟန်ဆောင်လို့မရဘူး ရေသောက်မြစ်မရှိလို့
မွေးညှင်းပေါက်အဝက စိမ်ကိန်းလေးနဲ့
ကိုယ့်ကိုယ်ကိုယ် ခွင်းထားတဲ့အလင်းကိုမှ
ဖင်အဖွင့်ခံလိုက်ရတဲ့ စုဗူးလေးလို
ကိုယ့်အိမ်တွင်းရေးတောင် မသာယာဘဲ
ငြိမ်းချမ်းရေးအကြောင်းလည်းမရေးချင်ဘူး
ငါဟာဖြေဆေးမရှိတဲ့ရောဂါနဲ့ အသပြာမရှိတဲ့လူနာပါ
အဖိတ်အစင်များတဲ့ ဘဝမှာကြယ်မြင်လမြင်အိမ်ကလေးကမှ
အိပ်မက်တစ်ဖူးစိတ်ကူးတစ်ပွင့်ကို ရှာစာချေနိုင်ရဲ့
ကျွဲပနံ့ထနေတဲ့ မျက်နှာကြီးနဲ့
စကားလုံးတွေသာ ဂွမ်းဆီထိသလို နွဲ့ခဲ့ရတဲ့
ပစ္စည်းမဲ့လူတန်းစားရဲ့ပြည်တွင်းဖြစ်ကဗျာ
ကျကွဲထားတဲ့ဘဝကို ဆက်ပြီးဆောက်ထားတယ်
မြေဖွဖွနင်းပြီး ဝင်ကြည့်ပါ ဘာသာစကားကို
အမဲဖျက်ထားသလိုတွေ့ရမယ်
ခင်ဗျားဖတ်တဲ့အခါ ပေါ့ပေါ့ပါးပါးပြန် / ပျံသန်းနိုင်ဖို့
အနှောင်အဖွဲ့ကနေ လွှတ်ရေးလိုက်တဲ့ကဗျာ
အနုချူရှာနေတယ်
ဝမ်းချုပ်နေတဲ့မျက်နှာပေးကြီးနဲ့ခေတ်က
ကိုယ်တို့ရဲ့ဘဝ လုံခြုံမှုကို ဆုတ်ယုတ်လာအောင်